ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# အမျိုးသားညီညွတ်ရေးအစိုးရ
# ကာကွယ်ရေးဝန်ကြီးဌာန

## အသက်မပြည့်သူများအား စစ်မှုထမ်းခွင့် မပြုခြင်းနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်

၁၃၈၇၊ တော်သလင်းလဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနသည် အသက်(၁၈)နှစ် မပြည့်သေး သော ကလေးသူငယ်များအား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့အသီးသီးသို့ ဝင်ရောက် တာဝန် ထမ်းဆောင်ခြင်း မရှိစေရန်အတွက် ကွပ်ကဲမှုအဆင့်ဆင့်သို့ ညွှန်ကြား၍လည်းကောင်း၊ စစ်အာဏာရှင် စနစ်ကြောင့် ရရာလက်နက် စွဲကိုင်၍ တော်လှန်ရေးတွင် ပါဝင်ခဲ့ကြသည့် ဒေသကာကွယ်ရေးအဖွဲ့ များအဖြစ်မှ ကာကွယ်ရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်သို့ ဝင်ရောက်၍ တပ်ရင်း/ တပ်ဖွဲ့များ အဖြစ်ကွပ်ကဲမှုခံယူသည့် လုပ်ငန်းစဉ်များတွင်လည်း အဆိုပါအဖွဲ့များ၌ လက်နက်ကိုင် ကလေးသူငယ် များ ပါဝင်လာပါက သတ်မှတ်စည်းမျဉ်းများနှင့်အညီ စိစစ်၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံခြင်း၊ ဆွေးနွေးအသိပညာပေးခြင်းများ၊ ၎င်းတို့၏ ပညာသင်ကြားမှုအခွင့်အလမ်းများ ရရှိနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများ နှင့် ပေါင်းစပ်ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။

၂။ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၂၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပါ အခန်း (၁၇)၊ ပုဒ်မ ၆၀၊ ပုဒ်မခွဲ (ဂ) အရ လည်းကောင်း၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများ ချုပ်ဆိုပွဲအခမ်းအနား (Treaty Event 2019)၌ ချုပ်ဆိုခဲ့သည့် လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုနှင့် စပ်လျဉ်း၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ အခြေပြစာချုပ် (CRC-OPAC) သို့ မြန်မာနိုင်ငံက အတည်ပြုပါဝင်ခဲ့မှု အရလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်ရှိ ပြည်သူ့ကာကွယ်ရေးတပ်မတော် တပ်ရင်း/ တပ်ဖွဲ့များ၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့များတွင် အသက်မပြည့်သေးသည့် ကလေးသူငယ် များ ပါဝင်မှု မရှိစေရန်အတွက်-

(က) ကာကွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကြေညာချက် (၁/၂၀၂၁)၊ အပိုဒ် (၃)တွင် Law of Armed Conflicts အပါအဝင် နိုင်ငံတကာ စစ်ဘက်ဆိုင်ရာ ဥပဒေများကို လိုက်နာခြင်း ဟူသည့် စစ်ဘက်ဆိုင်ရာ တန်ဖိုး (Military Values) ကို လေးစားလိုက်နာရမည် ဟူ၍လည်းကောင်း၊

(ခ) ကာကွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ပြည်သူ့

ကာကွယ်ရေးတပ်မတော် စစ်ဘက်ဆိုင်ကျင့်ဝတ်များ အပိုဒ် (၆)တွင် ကလေး သူငယ်များ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ စသည့် ထိရှလွယ် အုပ်စုများ (Vulnerable Groups) အား အထူးကာကွယ်စောင့်ရှောက်ပြီး လိုအပ်သည့် အကူအညီများ ပေးရမည် ဟူ၍လည်းကောင်း၊

( ဂ) ကာကွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် မတ်လ ၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် လက်နက်ကိုင်တိုက်ပွဲများအတွင်း ကလေးသူငယ်များအား အကာအကွယ်ပေးရန် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအတွက် လမ်းညွှန်ချက် အပိုဒ် (၃) အရ အသက်(၁၈) နှစ်အောက် ကလေးသူငယ်များအပေါ်ချိုးဖောက်သည့် ဆိုးရွားသော အကြမ်းဖက်ခြင်း (၆)ချက် (Six Grave Violations)ကို မကျူးလွန်စေရန် အလေးထား၍ အထူးသတိပြု ရန် ဟူ၍ လည်းကောင်း၊

(ဃ) နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၄ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ပြည်သူ့ကာကွယ်ရေး အဖွဲ့အစည်းများ လိုက်နာရန် စစ်ဘက်ဆိုင်ရာကျင့်ဝတ် ထုတ်ပြန်ကြေညာချက်အမှတ် (၁/၂၀၂၄) တွင်လည်း အမျိုးသမီး၊ လိင်စိတ်ခံယူမှုကွဲပြားသူ (LGBTIQ) နှင့် ကလေးများ အပေါ် ပြုမူဆက်ဆံခြင်းဆိုင်ရာ အပိုဒ် (၅)တွင် ကလေးများအပေါ် ကြီးလေးသည့် ကျူးလွန်မှု (၆)ရပ် (Six Grave Violations) ဖြစ်သည့် သတ်ဖြတ်ခြင်းနှင့် ကိုယ်လက် အင်္ဂါထိခိုက်စေခြင်း၊ လက်နက်ကိုင်အဖွဲ့များအတွက် တပ်သားသစ် စုဆောင်းခြင်းနှင့် အသုံးပြုခြင်း၊ လိင်ပိုင်းဆိုင်ရာစော်ကားခြင်း၊ ဖမ်းဆီးခြင်းနှင့် ပြန်ပေးဆွဲခြင်း၊ ကျောင်းနှင့် ဆေးရုံများအား တိုက်ခိုက်ခြင်းနှင့် လူသားချင်းဆိုင်ရာ အကူအညီ မရစေခြင်းတို့ကို မကျူးလွန်ရ ဟူ၍လည်းကောင်း၊ အပိုဒ် (၆) တွင် အသက်(၁၈)နှစ် အောက် ကလေးများကို တပ်သားသစ်စုဆောင်းခြင်း၊ လက်နက်ကိုင် လှုပ်ရှားမှုတွင် ပါဝင်စေခြင်း သို့မဟုတ် အခြားအန္တရာယ်ရှိစေမည့် လုပ်ငန်းများတွင် အသုံးပြုခြင်း မပြုရ ဟူ၍လည်းကောင်း၊

(င) ကာကွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် တပ်သားသစ် စုဆောင်းရေးမူဝါဒ (၁၀)ချက်ကို ထုတ်ပြန်ခဲ့ပြီး ယင်းသတ်မှတ်ချက်များထဲတွင်လည်း အသက်(၁၈)နှစ် ပြည့်ပြီးသူကိုသာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်အဖြစ် လက်ခံ ရမည် ဟူ၍လည်းကောင်း၊

(စ) ကာကွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မေလ ၅ ရက်နေ့တွင် တပ်ရင်းစံပြုတည်မြဲ အမိန့် ထုတ်ပြန်၍ တပ်ရင်း/ တပ်ဖွဲ့အသီးသီး၏ ကိုယ်စီတာဝန်ဝတ္တရားများ၊ သိရှိ လိုက်နာကျင့်သုံးရမည့် စစ်ဥပဒေဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်များ၊ အမြဲတစေ လက်ကိုင်ထားရှိရမည့် ဥပဒေ/နည်းဥပဒေစာအုပ်များကို တည်မြဲအမိန့်ဖြင့် ထုတ်ပြန် ၍လည်းကောင်း ပြည်သူ့ကာကွယ်ရေးတပ်မတော် တပ်ရင်း/ တပ်ဖွဲ့များအား စည်းမျဉ်း စည်းကမ်းများကိုလိုက်နာသည့် စွမ်းရည်ပြည့်ဝသော တပ်များဖြစ်စေရန် ဖော်ဆောင် လျက်ရှိပါသည်။

၃။ ကာကွယ်ရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်ရှိ ကွပ်ကဲမှုအဆင့်အားလုံးသည် အထက်အပိုဒ် (၂)ပါ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များအား လိုက်နာနိုင်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စစ်ဘက်ရေးရာဥပဒေနှင့်ထုံးတမ်းများကို လိုက်နာရသူများသည် အဆိုပါကိစ္စရပ်များအား ဖောက်ဖျက်ကျူးလွန်ပါက စစ်ဘက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ စစ်ဆေးအရေးယူမှုကို ခံယူရမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

**ကာကွယ်ရေးဝန်ကြီးဌာန**
**အမျိုးသားညီညွတ်ရေးအစိုးရ**